# ရှမ်းတောင်ကျေးရွာ
# မြိတ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရှမ်းတောင်ကျေးရွာ၊ မြိတ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ

**မာတိကာ**

**စကားချီး**

**ရှမ်းတောင်ကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်**

**အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ**

**၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

**၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း (ရှိလျှင်)

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(င) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း

(စ) ခရီးသွားလုပ်ငန်း(ရှိလျှင်)

(ဆ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

**၆။ ပညာရေး**

**၇။ ကျန်းမာရေး**

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်**

စီမံချက်အဆိုပြုလွှာ (၁)

စီမံချက်အဆိုပြုလွှာ (၂)

စီမံချက်အဆိုပြုလွှာ (၃)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဇန်နဝါရီလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရှမ်းတောင်ကျေးရွာ
မြိတ်မြို့နယ်

## ရှမ်းတောင်ကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



## ရှမ်းတောင်ကျေးရွာ Seasonal Calendar



# ရှမ်းတောင်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



# အပိုင်း (က)

## ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မြိတ်မြို့နယ်၊ ပသောင်းကျေးရွာအုပ်စု၊ ရှမ်းတောင်ကျေးရွာသည် မြန်မာနိုင်ငံ တောင်ဘက်အစွန်းဆုံးဒေသဖြစ်သော တနင်္သာရီတိုင်းဒေသကြီးအလယ်ဗဟိုတွင် တည်ရှိသော မြိတ်ခရိုင်ဒေသအတွင်းတည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် တနင်္သာရီမြို့နယ်၊ တနင်္သာရီရိုးမတောင်တန်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ ရိုးမတောင်တန်း ဆက်သွယ်ထားသော တနင်္သာရီမြစ်လက်တက်တည်ရှိပြီး မြောက်ဘက်တွင် ပုလောမြို့တောင်ဘက်တွင် ဘုတ်ပြင်း-ကော့သောင်းမြို့နှင့် အနောက်ဘက်တွင် ကျွန်းစုမြို့ တနင်္သာရီကမ်းရိုးတန်းဒေသတည်ရှိပြီး ၎င်းကျေးရွာအပေါ်၌ ပင်လယ်ဒီရေရောက်သလို တနင်္သာရီမြစ်လက်တက်မှ စီးဆင်းလာသော သဘာဝရေချိုတစ်နှစ်ဝင်(၆)လတွင်ရရှိပြီး မိုးရေကို ရာသီအလိုက်ရရှိပါသည်။ ရှမ်းတောင်ကျေးရွာသည် မြောက်လတ္တီကျု ၉၈ဒီဂရီ ၄၆ မိနစ် ၁၉စက္ကန့်နှင့် အရှေ့လောင်ဂျီကျု ၁၂ဒီဂရီ ၂၁မိနစ် ၂၄စက္ကန့်တွင်တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ရှမ်းတောင်ကျေးရွာသည် ပူအိုက်စွတ်စိုသောရာသီဥတုဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းရာသီဥတုကို(၃)မိုးလုံးကိုရရှိပြီး သဘာဝအရင်းအမြစ်များမှာ သဘာဝအလျောက် ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ကညင်၊ ဥပွယ်၊ လေသရက်၊ တောရှောက်မြစ်၊ တကူ၊ သစ်ယာ၊ ပိတောက်၊ သင်္ကန်းနှင့်အခြားသစ်မျိုးများ ပေါက်ရောက်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ရှမ်းတောင်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေမှာ ကောင်းမွန်ပါသည်။ ကျေးရွာ၏လူမှုရေး၊ပညာရေး၊ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ရပ်မိရပ်ဖ အဖွဲ့၊ ဂေါပကအဖွဲ့၊ နိုင်မြန်မာပရဟိတအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ အိမ်ထောင်ငယ်အဖွဲ့နှင့် မိန်းမကြီးအဖွဲ့ စသည်ဖြင့် အဖွဲ့အစည်းများကို ဖွဲ့စည်းထားရှိပါသည်။ အဖွဲ့အချင်းချင်းဆက်သွယ်ဆောင်ရွက်မှု အားကောင်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ကျေးရွာတွင်ပြင်ပအဖွဲ့အစည်းဖြစ်သည့် Unicef , EAC foundation and World Vission အဖွဲ့များရှိသည့်အတွက် အခြားသော ကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးနေသည့် ကျန်ရှိသော အဖွဲ့များအား ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်နေပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ရှမ်းတောင်ကျေးရွာတွင် အဓိကစိုက်ပျိုးသည့်သီးနှံမှာ စပါး၊ ကွမ်းသီးဖြစ်ပြီး ရော်ဘာကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိပါသည်။ စိုက်ပျိုးသည့် လယ်ယာမြေများသည် မြေဆီလွှာများ ပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံပိုးမွှား ရောဂါကျရောက်ခြင်းများရှိသည့်အတွက် ဈေးကွက်မမီသည့် သီးနှံများ ထုတ်လုပ်မှုဖြစ်ပေါ်လျက် ရှိပါသည်။ ရော်ဘာဈေးနှုန်းသည် ကျဆင်းလျက်ရှိသည့်အတွက် အခက်အခဲများဖြစ်နေပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူ အများစုသည် ကိုယ်ပိုင်စက်ကိရိယာများဖြင့် လုပ်ကိုင်ကြပြီး ဆင်းရဲသားတောင်သူငယ်များမှာ လယ်ယာသုံးစက်ကိရိယာများကို ငှားရမ်းလုပ်ကိုင်ကြပါသည်။

သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်း၊ စိုက်ပျိုးရေမရရှိခြင်း၊ ပိုးမွှားရောဂါ ကျရောက်မှုအများဆုံးဖြစ်ပေါ်ပါသည်။ သီးနှံမျိုးစေ့ရရှိနိုင်မှု၊ သဘာဝမြေဆွေး/အော်ဂဲနစ်သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ အလွယ်တကူမရရှိသည့်အတွက် မျိုးကောင်းမျိုးသန့်များ ရရှိနိုင်သည့်နေရာများအား ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

### (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ရှမ်းတောင်ကျေးရွာတွင် C P ကြက်မွေးမြူရေး ပြုလုပ်သည့် အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ အများစုမှာ ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူသော်လည်း ဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချကြခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်လျက် ရှိပါသည်။ တိရစ္ဆာန်ရောဂါကျရောက်မှုရှိသည့်အတွက် မွေးမြူရေးနှင့် နည်းပညာဆိုင်ရာ ဗဟုသုတ တိုးတက်လာစေရန် နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ လုပ်ဆောင်ပေးနိုင်ပါက စီးပွားဖြစ် မွေးမြူလာနိုင်ကြပါမည်။ကျေးရွာတွင် ကမ်းနီးငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။

မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ သွင်းအားစုများ၊ မျိုးကောင်းတိရစ္ဆာန်များကို အသင့်အတင့် ဝယ်ယူရရှိနိုင်ပါသည်။ အခက်အခဲများမှာ စားကျက်မြေ ရှားပါးခြင်း၊ ရေအလုံအလောက်မရှိခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ

အလွယ်တကူ မရရှိနိုင်ခြင်း၊ ချေငွေများ အလွယ်တကူ မရသည့်အပြင် အတိုးနှုန်း ကြီးစွာဖြင့် ချေးငှားရခြင်း၊ သွင်းအားစုများကိုလည်း အလွယ်တကူ မဝယ်ယူနိုင်ခြင်း၊ ထုတ်ကုန်ရောင်းဝယ်မှုများတွင်လည်း ဈေးကွက်မမီခြင်းများ ရှိနေပါသည်။ မွေးမြူရေးနှင့် သက်ဆိုင်သော နည်းပညာပေးသင်တန်းများ၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်သည့် နေရာများနှင့်ကာလရှည်ချေးငွေ ထုတ်ချေးပေးနိုင်မည့် အစီအစဉ်များ ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိပါသည်။

**(ဂ) ငါးလုပ်ငန်း**

ရှမ်းတောင်ကျေးရွာတွင်ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိသည့်အတွက် ငါးလုပ်ငန်း လုပ်ကိုင်သည့်အိမ်ထောင်စုမရှိပါ။ အချို့အိမ်ထောင်စုများသည် မြိတ်မြို့တွင်ရှိသည့် ကမ်းဝေးငါးဖမ်းလှေများတွင် လှေလုပ်သားအဖြစ် လုပ်ကိုင်သူများ လည်း ရှိပါသည်။

**(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ရှမ်းတောင်ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်း တို့ကို လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စပါးစိုက်၊ စပါးရိတ်စသည့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြပါသည်။ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သည်ဆန်၊ စပါးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကုန်စည်များသယ်ယူပို့ဆောင်စရိတ်ကြီးမားသောကြောင့် အသားတင် အမြတ်ငွေနည်းပါး ပါသည်။ ထို့ကြောင့် ဆန်စပါးများရောင်းချလိုသည့်အခါ အခြားနီးစပ်ရာ ကျေးရွာများရှိ ဆန်ကုန်သည်များနှင့် ရောင်းချနေကြရပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ရှမ်းတောင်ကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်သူများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများလည်းရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေး အစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၅%) ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် လိုအပ်သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထို့ကြောင့် အစိုးရဘဏ်/ ပုဂ္ဂလိကဘဏ်

များမှအတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများထုတ်ပေးပါက မိသားစု စားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က)ကျေးလက် သယ်ယူပို့ဆောင်ရေး**

ရှမ်းတောင်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများနှင့်ကားများကိုသာ အဓိကထားအသုံးပြုကြပါသည်။မြိတ်-တနင်္သာရီ ကားလမ်းမကြီးဖောက်လုပ်ပြီးစီးသည့်အချိန်မှစ၍ ကုန်းလမ်းခရီးကို ပိုမိုအသုံးပြုနိုင်ခြင်း ကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဘက်ဘက်မှ မြင့်တက်လာပြီး ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင် ပိုင်ဆိုင်သည့်ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများဖြစ်ပေါ်လာသည့် အခါ အခက်အခဲများဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်း၊ ကျောက်ချောလမ်းများ ဖြစ်ကြသည်။ ကျေးရွာတွင်းလမ်းများသည် မိုးရာသီတွင်သွားလာရ ခက်ခဲခြင်း၊ ဗွက်ထခြင်းများ ဖြစ်သည့်အတွက် ကွန်ကရစ်လမ်းသို့ အဆင့်မြင့်တင်လိုခြင်း၊ ကျေးရွာချင်းဆက်လမ်း သည် ကျောက်ချောလမ်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းသို့အဆင့်မြှင့်တင်လိုခြင်း လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ကျေးရွာတွင် ကွန်ကရစ်တံတား(၂)စင်းနှင့် ရေပြွန်(၃)စင်းရှိပြီး အရည်အသွေးမှာ ကောင်းမွန်လျက်ရှိပါသည်။

**(ခ)ကျေးရွာ မီးလင်းရေး**

ရှမ်းတောင်ကျေးရွာတွင်(၂၄)နာရီမီးလင်းမှုရရှိနေပြီဖြစ်ပါသည်။ အိမ်ခြေ(၁၀၀) မီးလင်းမှုရရှိနေပြီး ၁ယူနစ်လျှင်(၄၂၀)နှုန်းဖြင့် ပေးဆောင်ရပါသည်။ ဆိုလာမီး အသုံးပြု သည့် အိမ်ထောင်စုမှာ ကျေးလက်ဦးစီးဌာနမှ (၂၀၁၄-၂၀၁၅)ခုနှစ်တွင် ဆောင်ရွက်ပေးထား ပြီးဖြစ်ပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သည့်အိမ်ထောင်စုများမှာ ဖယောင်းတိုင်မီး၊ ရေနံ ဆီမီးခွက်တို့ကို အသုံးပြုလျက်ရှိပါသည်။ ကျေးရွာတွင်(၂၄)နာရီမီးလင်းမှုရရှိသည့်အတွက် ပညာရေး၊ လုံခြုံရေး စသည့်ကိစ္စအဝဝအတွက်အဆင်ပြေလှပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ရှမ်းတောင်ကျေးရွာတွင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကိုဖုန်း (၁၄၁) လုံး၊ ရေဒီယို (၃) လုံး၊ တီဗွီ (၅၀) လုံး၊ ဂြိုလ်တုစလောင်း (၄၇) လုံး စသည်တို့မှ ရရှိသည့်အပြင်ကျေးရွာနှင့် (၁)မိုင်လောက်ဝေးသည့် ပသောင်းကျေးရွာတွင်

တာဝါတိုင်ရှိသည့်အတွက် ဖုန်းဖြင့်သတင်းနှင့်အချက်အလက်များကို အချိန်နှင့် တပြေးညီ သိရှိနိုင်ပါသည်။ အင်တာနက်လိုင်းမှာ အသုံးပြုရ နှေးကွေးပါသည်။

**၆။ ပညာရေး**

ရှမ်းတောင်ကျေးရွာပိုင် မူလတန်းကျောင်းတွင် ပညာသင်ကြားနိုင်ပြီး နီးစပ်ရာ အင်္ဂမော်ကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်းအဆင့်များကို ဆက်လက် ပညာသင်ယူနိုင်ပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများလည်း ရာခိုင်နှုန်း အနည်းငယ် ရှိပါသည်။ကျေးရွာတွင် ရွာလုံးကျွတ်နီးပါး စာတတ်မြောက်မှုရှိပါသည်။ အသက်ကြီးသူအမျိုးသား(၁)ဦးသာ စာတတ်မြောက်ခြင်းမရှိပါ။ဘွဲ့ရသူဦးရေ (၆၀) ဦးအထိ ရှိနေပြီဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ ကျေးရွာရှိ စုစုပေါင်းလူဦးရေ၏ (၄၆.၃၅%)၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၂.၉၂%) ရှိပြီး၊ အထက်တန်း ပညာပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော်လည်း ယခင်ကာလ များနှင့် နှိုင်းစာလျှင် ဘွဲ့ရဦးရေ များပြားလာသည်ဟု ဆိုနိုင်ပါသည်။ကျောင်းသား/သူများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းခြံစည်းရိုးကာရံရန် လိုအပ်နေပြီး မူကြိုကျောင်းဆောက်လုပ်ခြင်း၊ စာသင်ကျောင်းအမိုးပြင်ဆင်ခြင်းနှင့် ဆရာ/ဆရာမ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်လိုအပ်နေပါသည်။

ရှမ်းတောင်ကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ (၁၃၆) ဦးရှိပြီး ကျောင်းဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာလည်း မရှိသလောက် နည်းပါးပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု မရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာ ကောင်းမွန်ပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ရှမ်းတောင်ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ကျန်းမာရေးနှင့်ပတ်သက်၍ရွာသူ/သားများသည် ကျေးရွာအတွင်း နေထိုင်သောကျန်းမာရေးဆရာမကိုသာ မှီခိုနေရပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ သို့ရာတွင် ကျေးလက်ဆေးပေးခန်းသည့် ကျေးရွာနှင့် နီးသည့်တောင်ပုလဲရွာတွင်ရှိသည့်အတွက် အဆင်ပြေလှပါသည်။ ကျေးရွာအတွင်း ဆေးဆိုင်ရှိသော်လည်း ဆေးများကိုစနစ်တကျ သိုလှောင်ထားခြင်းအားနည်းပါသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ ရောဂါပြင်းထန်သည့်လူနာများသည် မြိတ်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှု ခံယူကြရပါသည်။

ရှမ်းတောင်ကျေးရွာတွင် ကျေးရွာတစ်ရွာလုံးအနေဖြင့် ရေတွင်း(၂)တွင်း နှင့် အဝီစိတွင်း(စက်တပ်)(၂)တွင်းရှိပါသည်။ ရေတွင်း(၂)တွင်းနှင့် အဝီစိတွင်း(၂)တွင်းသာ ကျေးရွာတစ်ရွာလုံး သုံးစွဲနေသည့်အတွက် ထိုရေတွင်းများမှာ ရေသည် သမန်းဆီလိုက်နေသည့်အတွက် သုံးရေအတွက်သာအဆင်ပြေပါသည်။ နွေရာသီတွင် သန့်ရှင်းသောသောက်သုံးရေလုံလောက်မှုမရှိသည့်အတွက် နှစ်စဉ် ရေအလှူခံရပါသည်။ ထို့ကြောင့် လက်တူးတွင်းတူးဖော်၍ ဂါလံ(၅၀၀၀)ဆံ့ရေကန်နှင့် ရေပိုက်လိုင်းသွယ်တန်းရန် လိုအပ်လျက် ရှိပါသည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရှမ်းတောင်ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။အကယ်၍ဘေးအန္တရာယ်ကျရောက်မည်ဆိုပါကကြိုတင်ကာကွယ်ရမည့်နည်းလမ်းများလည်းထားရှိမှုမရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာစွန့်ပစ်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ရှမ်းတောင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့်အမျိုးသားဦးရေမှာ အတူတူပင်ဖြစ်သည်။ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန်တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာတွင် အမျိုးသမီးများ၏ တစ်နေ့အနည်းဆုံးလုပ်အားခသည် (၄၀၀၀)ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၅၀၀၀)ကျပ်ဖြစ်ပါသည်။ ထိုမတူညီသော လုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကိုမြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက်

အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ပသောင်း | | | ကျေးရွာအမည် - ရှမ်းတောင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | အဖွဲ့ဝင်ယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ကျေးရွာပိုင် အစည်းအဝေးခန်းမတစ်ခု သတ်မှတ်ခြင်း/ ဆောက်လုပ်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၇ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၈ | စိုက်ပျိုးရေး | စက်ကိရိယာ | ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းခြင်း (သို့) အရစ်ကျ ဝယ်ယူနိုင်ရန် ချိတ်ဆက်ခြင်း။ | |
| ၉ | စိုက်ပျိုးရေး | ချောင်းမြောင်းတူးဖော် | ချောင်းကောမြောင်းကောတူးဖော်ခြင်း | |
| ၁၀ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၁ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၂ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ပသောင်း | | | ကျေးရွာအမည် - ရှမ်းတောင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၃ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၁၄ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ထုတ်ကုန်များအတွက် စပေါင်းဈေးကွက် ရှာဖွေခြင်း။ | |
| ၁၅ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၆ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုး အား အုတ်တံတိုင်းဖြင့် ကာရန်ခြင်း။ | |
| ၁၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းခြင်း။ | |
| ၁၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | အားကစားကွင်း ပြင်ဆင်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၂၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | မူကြိုကျောင်းဆောင်ဆောက်လုပ်ခြင်း | |
| ၂၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | စာသင်ကျောင်းအမိုးပြင်ဆင်ခြင်း | |
| ၂၂ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။ | |
| ၂၃ | အခြေခံအဆောက်အဦ | အဆောက်ဦ | လူမှုဖူလုံရေးအဆောက်အဦဆောက်လုပ်ခြင်း | |
| ၂၄ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရေပိုက်လိုင်းသွယ်တန်းရေးအတွက် ကျေးရွာကော်မတီနှင့် ကျေးလက်ဦးစီးဌာန | |

| ကျေးရွာအုပ်စုအမည် - ပသောင်း | | | ကျေးရွာအမည် - ရှမ်းတောင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | | | လက်တွဲဆောင်ရွက်ခြင်း။ | |
| ၂၅ | အခြေခံအဆောက်အဦ | လမ်း၊ တံတား | လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း(၂၄၀၀)ပေ | |
| | အခြေခံအဆောက်အဦ | လမ်း၊ တံတား | ရှမ်းတောင်-စလွန်းကျေးရွာချင်းဆက်လမ်းကျောက်ချောလမ်း အဆင့်မြှင့်တင်ပေးရန်(၁/၂)မိုင် | |
| ၂၆ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ်အဖွဲ့တစ်ခု ဖွဲ့စည်းလုပ်ဆောင်ခြင်း။ | |
| ၂၇ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ကျေးရွာပိုင် စာကြည့်တိုက်အား စနစ်တကျ ပြန်လည်လုပ်ဆောင်ခြင်း။ | |
| ၂၈ | လူငယ်နှင့်အားကစား | အားကစား | အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၂၉ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၃၀ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါး သုံးစွဲမှုလျော့ချရေးအတွက် ဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၃၁ | သယံဇာတနှင့်သဘာဝဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။ | |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

| | |
|---|---|
| ကျေးရွာ | - ရှမ်းတောင် |
| ကျေးရွာအုပ်စု | - ပသောင်း |
| မြို့နယ် | - မြိတ် |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီတိုင်းဒေသကြီး |

စီမံချက်အမည် - လက်တူးတွင်းတူးဖော်၍ ရေပိုက်သွယ်တန်းခြင်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ရှမ်းတောင်ကျေးရွာတွင် ကျေးရွာသူ/သားများသည် သန့်ရှင်းသောသောက်သုံးရေ မရရှိခြင်းများဖြစ်နေပါသည်။
- နွေရာသီတွင်လက်ရှိသုံးစွဲနေသော ရေတွင်းများမှာ ခန်းခြောက်၍ ရေမဖူလုံသည့်အခက်အခဲများ ရှိနေပါသည်။
- သောက်သုံးရေမဖူလုံခြင်းကြောင့် စီးပွားရေးနှင့်ကျန်းမာရေးအခြေအနေတွင် အခက်အခဲများ ဖြစ်နေရပါသည်။
- နှစ်စဉ်ရေမလုံလောက်သဖြင့် အခြားနေရာများမှရေလာလှူခြင်းများရှိပါသည်။

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- တစ်နှစ်ပတ်လုံး သောက်သုံးရေလုံလောက်လာပါက ကျေးရွာ၏ကျန်းမာသန့်ရှင်းရေး တိုးတက်ကောင်းမွန်လာစေရန်
- ရေကိုအချိန်တိုအတွင်း အလွယ်တကူသုံးစွဲလာနိုင်စေရန်
- ကျေးရွာလူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- သောက်သုံးရေဖူလုံလာခြင်းကြောင့် လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။
- စီးပွားရေးနှင့်ကျန်းမာရေးအခက်အခဲများ အဆင်ပြေကောင်းမွန်လာမည်။
- သန့်ရှင်းသောသောက်သုံးရေရရှိသဖြင့် အချိန်ကုန်သက်သာပြီးသုံးစွဲခွင့်ရရှိလာမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- လက်တူးတွင်းတူးဖော်ခြင်း6’ ø25’
- ရေစက်ရုံဆောက်လုပ်ခြင်း 5’ x5’ x7’
- ရေပိုက်သွယ်တန်းခြင်း 2” øPVC- ( )’

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဦးစီး |

| | |
|---|---|
| • ၁,၀၀၀,၀၀၀(ငွေသား)<br>• ၅၀၀,၀၀၀(ပစ္စည်း/လုပ်အား) | • ကျေးရွာ<br>• ကျေးရွာ |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၃၂၂ | ၃၁၈ | ၆၄၀ | ၂၀ | ၅၀ | ၂၀ | ၃၀ | ၁၂၀ |
| အကျိုးခံစားမည့်သူ ဦးရေ | ၃၂၂ | ၃၁၈ | ၆၄၀ | ၂၀ | ၅၀ | ၂၀ | ၃၀ | ၁၂၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာသူ/သားများ |
| (၂) **စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၁၉ ခုနှစ်၊ မတ်လ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၁၉ ခုနှစ်၊ ဧပြီလ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• ရေရရှိရေးလုပ်ငန်းအတွက် လိုအပ်သောအထောက်အကူ ပြုပစ္စည်းများအား ကျေးရွာမှ ထည့်ဝင်ပါမည်။<br>• လိုအပ်ပါက ကျေးရွာအဖက်ဖက်မှ သင့်တင့်သောငွေကြေးနှင့်လုပ်အားထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက်လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။<br>• ရေရှည်တည်တံ့ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။<br>• ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးပါကပြုပြင်ထိန်းသိမ်းခြင်းကိုကျေးရွာရေပေးရေးကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာသူ/ကျေးရွာများမှ ပူးပေါင်း၍ တာဝန်ယူ ထိန်းသိမ်းသွားပါမည်။<br>• စီမံကိန်းပြီးလျှင်ပြီးချင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့အချက်အလက် ပြည့်စုံစွာနှင့် တင်ပြသွားပါမည်။ |

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

| | |
|---|---|
| ကျေးရွာ - ရှမ်းတောင်<br>ကျေးရွာအုပ်စု - ပသောင်း<br>မြို့နယ် - မြိတ်<br>တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီတိုင်းဒေသကြီး | |
| စီမံချက်အမည် - လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• ကျေးရွာတွင်ရှိသောလက်ရှိလမ်းနှင့်တံတားအခြေအနေသည် မြေသားလမ်းဖြစ်ပြီး လမ်းရေကျော်နေ သဖြင့် မိုးရာသီတွင် ကျေးရွာသူ/သား များ၊ ရဟန်းရှင်လူကျောင်းသားလူငယ်များ သွားလာရ အခက်အခဲ ဖြစ်နေပါသည်။<br>• ကျေးရွာတွင်းလမ်း၊တံတားပျက်စီးနေခြင်းကြောင့် ကျေးရွာချင်းဆက်သွယ်ရာတွင် စီးပွားရေး၊ လူမှုရေးနှင့် ကိစ္စအဝဝတို့အတွက် တစ်နှစ်ပတ်လုံး သွားလာမှုခက်ခဲခြင်းများဖြစ်နေပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• တစ်နှစ်ပတ်လုံးသွားလာရေးအဆင်ပြေချောမွေ့စေရန်နှင့်ကျေးရွာ၏အခြေခံ အဆောက်အဦ ဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရန်၊<br>• ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• ကျေးရွာအတွင်းရှိနေထိုင်သူများ၏လမ်းပန်းဆက်သွယ်ရေးလွယ်ကူလာခြင်း၊ ကုန်စည်ကူးသန်းမှု တိုးတက်ကောင်းမွန်လာမည်။<br>• သွားလာရေးအတွက်အချိန်ကုန်သက်သာခြင်းနှင့်ကုန်ကျစရိတ်သက်သာလာမည်။<br>• ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်းတို့အတွက် အထောက်အကူဖြစ်စေမည့် အကျိုးကျေးဇူးများရရှိလာမည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>• ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း(၂၄၀၀ပေ) | |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ၂,၅၀၀,၀၀၀(ငွေသား) | • ကျေးရွာ |
| • ၂,၅၀၀,၀၀၀ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၂၂ | ၃၁၈ | ၆၄၀ | ၂၀ | ၅၀ | ၂၀ | ၃၀ | ၁၂၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၂၂ | ၃၁၈ | ၆၄၀ | ၂၀ | ၅၀ | ၂၀ | ၃၀ | ၁၂၀ |

| |
|---|
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာသူ/သားများ |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း -** |
| **(၃) စီမံချက်ပြီးစီးမည့်အချိန် -** |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• လိုအပ်သောအထောက်အကူ ပြုပစ္စည်းများအား ကျေးရွာမှ ထည့်ဝင်ပါမည်။<br>• လိုအပ်ပါက ကျေးရွာအဖက်ဖက်မှ သင့်တင့်သောငွေကြေးနှင့်လုပ်အားထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br>• ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက်လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။<br>• ကုန်ထုတ်လမ်းဖောက်လုပ်ပြီးပါက လမ်းကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာသူ/ကျေးရွာများမှ ပူးပေါင်း၍ တာဝန်ယူ ထိန်းသိမ်းသွားပါမည်။<br>• စီမံကိန်းပြီးလျှင်ပြီးချင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့အချက်အလက် ပြည့်စုံစွာနှင့် တင်ပြသွားပါမည်။ |

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

| | |
|---|---|
| ကျေးရွာ - ရှမ်းတောင်<br>ကျေးရွာအုပ်စု - ပသောင်း<br>မြို့နယ် - မြိတ်<br>တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီတိုင်းဒေသကြီး | |
| **စီမံချက်အမည်** -ချောင်းကောမြောင်းကောတူးဖော်ခြင်း | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• ကျေးရွာတွင် လက်ရှိချောင်းမြောင်းများသည် တိမ်ကောနေ၍ စပါးခင်းများရေနစ်မြုပ်မှုဖြစ်ပေါ်လျက်ရှိနေပါသည်။<br>• ကျေးရွာတွင်းရေနစ်မြုပ်မှုရှိနေခြင်းကြောင့် တောင်သူအချို့စီးပွားရေးခက်ခဲမှုများဖြစ်ပေါ်လျက်ရှိပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• တောင်သူအချို့စီးပွားရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်၊<br>• ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• ကျေးရွာအတွင်းရှိတောင်သူများ၏ စီးပွားရေးလွယ်ကူလာခြင်း၊ ကုန်စည်ကူးသန်းမှုတိုးတက်ကောင်းမွန်လာမည်။<br>• သွားလာရေးအတွက်အချိန်ကုန်သက်သာခြင်းနှင့်ကုန်ကျစရိတ်သက်သာလာမည်။<br>• ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>• ချောင်းမြောင်းတူးဖော်ခြင်း( )ပေ | |
| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀၀၀၀၀၀၀(ငွေသား)<br>• ၅၀၀,၀၀၀(ငွေသား)<br>• ၁,၀၀၀,၀၀၀ (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၂၂ | ၃၁၈ | ၆၄၀ | ၂၀ | ၅၀ | ၂၀ | ၃၀ | ၁၂၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၂၂ | ၃၁၈ | ၆၄၀ | ၂၀ | ၅၀ | ၂၀ | ၃၀ | ၁၂၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာသူ/သားများ |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း -** |
| **(၃) စီမံချက်ပြီးစီးမည့်အချိန် -** |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• လိုအပ်သောအထောက်အကူ ပြုပစ္စည်းများအား ကျေးရွာမှ ထည့်ဝင်ပါမည်။<br>• လိုအပ်ပါက ကျေးရွာအဖက်ဖက်မှ သင့်တင့်သောငွေကြေးနှင့်လုပ်အားထည့်ဝင်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ **အစီအစဉ်များ**<br>• ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက်လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။<br>• ရေရှည်တည်တံ့ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။<br>• လုပ်ငန်းများပြုလုပ်ပြီးပါကပြုပြင်ထိန်းသိမ်းခြင်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လမ်းကော်မတီနှင့် ကျေးရွာသူ/ကျေးရွာများမှ ပူးပေါင်း၍ တာဝန်ယူထိန်းသိမ်း သွားပါမည်။<br>• စီမံကိန်းပြီးလျှင်ပြီးချင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အချက်အလက်ပြည့်စုံစွာနှင့် တင်ပြသွားပါမည်။ |

နောက်ဆက်တွဲ (၁)

## ရှမ်းတောင်ကျေးရွာ၊ပသောင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်စိုး | ဦးစံသီး | ၆/မအရ(နိုင်)၁၀၄၀၇၇ | ၃၅ | ဥက္ကဋ္ဌ | ၀၉၂၅၂၂၆၁၁၀၁ |
| ၂ | ဦးအုန်းမြင့် | ဦးစံတင့် | ၆/မအရ(နိုင်)၀၆၃၈၄၉ | ၆၂ | အတွင်းရေးမှူး | ၀၉၂၅၁၁၄၅၅၄၃ |
| ၃ | ဒေါ်ထားကြည် | ဦးမောင်ကြည် | ၆/မအရ(နိုင်)၀၆၄၀၄၇ | ၄၅ | စာရင်းကိုင် | ၀၉၇၈၄၈၆၈၅၃၅ |
| ၄ | ဦးချိုလွင် | ဦးမောင်လှိုင် | ၆/မမန(နိုင်)၁၃၆၈၂၅ | ၃၅ | ဘဏ္ဍာရေးမှူး | ၀၉၈၉၀၆၂၇၀၀၄ |
| ၅ | ဒေါ်အုန်းမြ | ဦးသက်မောင် | ၆/မအရ(နိုင်)၀၆၃၉၇၂ | ၅၃ | အဖွဲ့ဝင် | ၀၉၄၄၂၅၇၅၅၆၉ |
| ၆ | ဒေါ်မြင့်ချို | ဦးကြည်ရှိန် | ၆/မမန(နိုင်)၁၄၁၆၂၅ | ၄၅ | အဖွဲ့ဝင် | ၀၉၈၉၀၆၃၂၄၉၀ |
| ၇ | ဒေါ်လှမြင့် | ဦးကြည်ဖေ | - | ၆၃ | အဖွဲ့ဝင် | - |
| ၈ | ဦးအောင်ဆန်းတင့် | ဦးမောင်ကြည် | ၆/မအရ(နိုင်)၀၆၄၀၄၁ | ၅၅ | ဘဏ္ဍာရေးမှူး | ၀၉၄၀၇၃၀၅၁၈၁ |
| ၉ | ဦးစိုးတင် | ဦးရေခဲ | ၆/မအရ(နိုင်)၀၆၃၄၇၂ | ၄၆ | အဖွဲ့ဝင် | ၀၉၈၉၃၉၄၀၈၆၃ |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၅ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၃ | ၁၉ | ၅၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၃၅ | ၆၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၃ | ၂၁ | ၅၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၀၈ | ၂၁၈ | ၄၂၆ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၂၀ | ၃၄ |
| စုစုပေါင်း | | ၃၂၂ | ၃၁၈ | ၆၄၀ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၂၀ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ရှမ်းတောင်ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၁၂၀)အိမ်ရှိပြီး လူဦးရေပေါင်း (၆၄၀)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ်(၁.၇၂%)၊ ၅နှစ်အောက် ကလေးအရွယ် (၈.၁၃%)၊ မူလတန်းကျောင်းသားအရွယ်(၉.၈၄%)၊ အလယ်တန်းကျောင်းသားအရွယ် (၈.၄၄%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၆.၅၆%)နှင့် သက်ကြီးရွယ်ကြီး (၅.၃၁%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅.၃)ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းထက် များနေပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေများပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေး နိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၆ | ၁၁၅ | ၃၂ | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၅ | ၂၈ | ၅၈ | မြင့်☐လတ်☐နိမ့်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | မြင့်☐လတ်☐နိမ့်☑ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၉ | ၂ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၄ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | မြင့်☐လတ်☐နိမ့်☑ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | မြင့်☐လတ်☐နိမ့်☑ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၆ | ၅၁ | ၃၇ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၁၂၀ | | | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -

**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ရှမ်းတောင်ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိကဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သည့်အိမ်ထောင်စုများပြားပါသည်။ ရေလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကိုင်သည့်အိမ်ထောင်စု(၂)အိမ်ရှိပြီး၊ ထုတ်ကုန်လုပ်ငန်းဖြစ်သည့် ဆန်စက်လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၂)အိမ်ရှိပါသည်။ အခြားလုပ်ငန်းများဖြစ်သည့် အရောင်းအဝယ်ဖြင့် အိမ်ထောင်စု (၅)အိမ်နှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သည့်လုပ်ကိုင်သည့်အိမ်ထောင်စု(၂၆)အိမ်ရှိပါ သည်။ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်လျက်ရှိပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | - | ၇၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ရှမ်းတောင်ကျေးရွာတွင် အဓိကလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်သည့် နေ့စားပုတ်ပြတ်အလုပ်လုပ်သူပိုမိုများပြားပါသည်။ တစ်ရက်လုပ်အားခ အများဆုံး အမျိုးသား(၆၀၀၀)ကျပ် နှင့် အမျိုးသမီးလုပ်အားခ(၅၀၀၀)ကျပ် ရရှိပြီး အနည်းဆုံးတစ်ရက်လုပ်အားခ အမျိုးသား(၅၀၀၀)ကျပ်နှင့် အမျိုးသမီးလုပ်အားခ(၄၀၀၀)

ကျပ်ရရှိပါသည်။ ထုတ်ကုန်လုပ်ငန်းအဖြစ်လုပ်ကိုင်သည့် ဆန်စပါးရာသီပေါ်ချိန်တွင် တစ်ရက်လုပ်အားခ အများဆုံး အမျိုးသား(၆၀၀၀)၊ အမျိုးသမီး(၅၀၀၀)နှင့် တစ်ရက်လုပ်အားခ အနည်းဆုံးအမျိုးသား(၅၀၀၀)၊ အမျိုးသမီး(၄၀၀၀)ရရှိ ပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းတွင်လုပ်ကိုင်သည့် လက်သမား/ပန်းရံ လုပ်သားများသည် တစ်ရက်လုပ်အားခ အမျိုးသားအနေဖြင့် ကျပ်(၇၀၀၀)နှင့်သာမာန်လုပ်သား (၆၀၀၀)နှင့် အမျိုးသမီးအနေဖြင့် တစ်ရက်လုပ်အားခအများဆုံး(၅၅၀၀)၊ အနည်းဆုံး(၅၀၀၀) ရရှိပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၅၄.၇ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၈ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၁၀၇.၄ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| စားကျက်မြေ | ၅၉ | ကောင်း ☐ သင့် ☐ ညံ့ ☑ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၄၅၄.၁ | ☒ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ရှမ်းတောင်ကျေးရွာတွင် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ စားကျက်မြေ၊ ဓနိတောမြေနှင့် ယာမြေတောင်ယာမြေ များ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်တင့်ရှိပါသည်။ သို့ရာတွင် မိုးရာသီ၌ စိုက်ပျိုးမြေအများစုတွင် ရေဖုံးလွှမ်းခြင်းကြောင့် မြေဆီလွှာပျက်စီးခြင်းများ ရှိပါသည်။ထို့ကြောင့် ချောင်းကောမြောင်းကောတူးဖော်ပေးရန်လိုအပ်လျက်ရှိပါသည်။စိုက်ပျိုးရေး နည်းစနစ်များမရှိသည့်အတွက် သီးနှံထွက်နှုန်းနည်းပါးခြင်းများ ကြုံတွေ့နေရသောကြောင့် စိုက်ပျိုးရေး နည်းပညာပေးသင်တန်းများ ,ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ရှမ်းတောင်ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်)နှင့် ကျောက်၊သဲ၊ကျောက်စရစ်စသည်များ ထွက်ရှိမှုမရှိသည့်အတွက် အခြားကျေးရွာများမှဝယ်ယူသုံးစွဲနေရပါသည်။ သဘာဝအပင်မျိုးစိတ် များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာ ကျေးရွာတွင် အနည်းငယ် ထွက်ရှိမှုရှိပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
